# မျက်မှောက်ခေတ်မြန်မာ့နိုင်ငံရေးအမျိုးမျိုး

(သားဆွေ)

ကမ္ဘာ့နိုင်ငံရေးသမိုင်းမှာ နိုင်ငံရေး အမျိုးမျိုးရှိသည်။ အရင်းရှင်၊ ကိုလိုနီနယ်ချဲ့၊ ဆိုရှယ်လစ်၊ ကွန်မြူနစ် .. စသဖြင့်။ နိုင်ငံရေးဝါဒ အမည်နာမများ သတ်မှတ်ခဲ့ကြသည် ။မြန်မာ့နိုင်ငံရေးမှာလည်း နိုင်ငံရေးအမျိုးမျိုးရှိသည်။ ထိုအကြောင်းကို ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့ဖူးတာရှိသည်။

ဟုမ္မရူး၊ အင်ဒီပင်းဒင့်၊ ဘုံဝါဒ၊ ဝံသာနု စသဖြင့် မီးခိုးမဆုံးမိုးမဆုံး နိုင်ငံရေး အယူအဆတွေ။ ကျေးလက် တောရွာတွေရဲ့ နိုင်ငံရေး ကျပြန်တော့ တဘောင်တွေ၊ မင်းလောင်းတွေ၊ မှော်ဆရာတွေ၊ ဘုရားလက်သစ်တွေနဲ့ သူတို့နိုင်ငံရေးက လုံးလိုက်ပြားလိုက် ဖြစ်နေတာတွေ။ လူငယ်လူရွယ် စိတ်မြန်လက်မြန်တွေ ကျပြန်တော့ အိုင်ယာလန်က နည်းတွေနဲ့ လွှမ်းသူလွှမ်း ဆွေးသူဆွေး ဖြစ်နေတာတွေ။ ဦးသိန်းမောင်ကြီးက ကုသိုလ်တပဲ ငရဲတပိဿာမို့ နိုင်ငံရေး မလုပ်တော့တဲ့ အကြောင်းတွေ။ ဦးဘဘေကြီးက နိုင်ငံရေးဆိုတာ အင်မတန်ညစ်ပတ်တဲ့အလုပ်ဟုဆိုခဲ့တာတွေ။ ဦးစောက ဝါးရင်းတုတ်နဲ့ လူမိုက်အားကိုး စခန်းသွားနေတာတွေ။ ဒေါက်တာဘမော်က ဟစ်တလာတို့ စတာလင်တို့ကို အားကျနေတာတွေ စသဖြင့် စသဖြင့် ထိုခေတ် ထိုကာလ မြန်မာ့နိုင်ငံရေး အခြေအနေကို ဗိုလ်ချုပ်အောင်ဆန်းက "နိုင်ငံရေးအမျိုးမျိုး" ဆောင်းပါးဖြင့် သုံးသပ်တင်ပြခဲ့ဖူးသည်။

မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးသမိုင်းမှာလည်း နိုင်ငံရေးက အမျိုးမျိုး။ ထွေပြားစုံလင်သည်။ ပြည်တွင်းမှာတမျိုး၊ ပြည်ပမှာ တဖုံ အမျိုးစုံအောင် အယူအဆတွေ ပလူပျံနေသည့် ခေတ်အခြေအနေဖြစ်သည်။ သုံးသပ်ကြည့်ဖို့လိုမည်ထင်ပါသည်။ အထူးသဖြင့် ပြည်တွင်းနိုင်ငံရေးအမျိုးမျိုးကို သုံးသပ်ကြည့်ချင်သည်။

## ၁) ငါးပုဇွန်နိုင်ငံရေး နှင့် ပါရာဒိုင်းနေကြသူများ

တချို့က စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အရင်လုပ်ဖို့ ဖောင်းပေးသည်။ နိုင်ငံရေး(စနစ်)က အဓိကမဟုတ်၊ စီးပွားရေးသာ အဓိက၊ စီးပွားရေး တိုးတက်လာတာနဲ့အမျှ နိုင်ငံရေးစနစ်မှာလည်း.......။ မစားရဝခမန်းတွေ လူနားမလည်နိုင်သည့် စကားလုံးတွေနဲ့ ထိုသို့ရေးကြပြောကြသည်။ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်၊ ကိုရီးယားတွေနဲ့ နှိုင်းယှဉ်ပြသကြသည်။ အာရှကျားတွေ နဂါးတွေကို အားကျကြသည်။ ဤလူစုက မြန်မာ့နိုင်ငံရေးအမျိုးမျိုးမှာ တဒေါင့်တနေရာက ပါဝင်ကပြနေသည့် အစုဖြစ်သည်။

သူတို့ နိုင်ငံရေးကတမျိုး။ ပါတီမထောင်၊ စည်းရုံးရေးမဆင်း၊ ရန်ပုံငွေမရှာ။ နိုင်ငံရေးလုပ်နေပါတယ်လို့ မကြွေးကြော်။ စီးပွားရေး စွန့်ဦးတီထွင် လုပ်ငန်းရှင်များအဖြစ်နဲ့သာ လှုပ်ရှားလုပ်ဆောင်ကြသည်။ တကယ်လည်း စီးပွားရေး လုပ်ငန်းရှင်ကြီးများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဇာတိသဘောအရ လာရာရော လားရာပါ ခန့်မှန်းနိုင်သည်။ ထိုသူများအတွက် နိုင်ငံရေးမလို .. စနစ်မလို .. ကုန်သွယ်ရေး မူပိုင်ခွင့်နဲ့ လုပ်ပိုင်ခွင့်တွေသာလိုသည်။ အစိုးရမလို..လက်ရှိအုပ်ချုပ်သူသာလိုသည်။ အုပ်ချုပ်သူနှင့် အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံမည်။ ရသမျှအခွင့်အရေးအကုန်ယူမည်။

သို့သော် တခါတရံ နိုင်ငံရေးအလှည့်အပြောင်း အချိုးအကွေ့များတွင် ထိုသူများပါဝင်လာတတ်သည်။ ဥပမာ..ရွေးကောက်ပွဲမှာ ပါတီတခုခုကို ငွေကြေးအထောက်အပံ့ပြုပေးတာမျိုး။ သို့မဟုတ် ကိုယ်တိုင် အမတ်လောင်းအဖြစ် ဝင်ရောက်အရွေးခံတာမျိုး။ ဘယ်ကွေ့မှာ ဘယ်တက်နဲ့ လှော်မယ်ဆိုတာ သူတို့တွေက တွက်ချက်ပြီးသား။ ထိုအစုက နိုင်ငံရေးကို ဈေးတွက်တွက်ပြီး ဆောင်ရွက်ချင်တဲ့အစု။ ထိုအစုမှာက လူထုအခြေပြုတဲ့ လမ်းစဉ်မရှိ၊ လုပ်ငန်းမရှိ။ သူတို့မှာ လုပ်ဟန်သာရှိသည်။ ညစာစားပွဲလုပ်မည်။ နီးနှောဖလှယ်ပွဲလုပ်မည်။ ကုန်စည်ပြပွဲလုပ်မည်။ ဟောပြောပွဲတွေလုပ်မည်။ ခေတ်ပေါ် စာနယ်ဇင်း လောကထဲက



နာမည်ရနေသူတွေကို အလှည့်ကျဖိတ်ကြားပြီး ဟောပြောပွဲတွေလုပ်မည်။ ဂျာနယ်သတင်းထောက်တွေကို ဖိတ်ကြားမည်၊ ဂျာနယ်ထဲ ဖော်ပြခိုင်းမည်။ သူတို့နိုင်ငံရေးကား... မုန်ကူကွက်တွေ၊ ပါရာဒိုင်းတွေ၊ ဈေးကွက်လိုအပ်ချက်၊ ပူစီပေါင်းစီးပွားရေး၊ အမေရိကန် ဒေါ်လာ အလားအလာ၊ ကမ္ဘာ့ငွေကြေးအကြပ်အတည်း၊ နီယိုကွန်၊ ဘုရင့်နောင်ကုန်စည် ..... စသည် စသည်။

မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးမှာ space တခု ရထားသည့်နိုင်ငံရေးတမျိုးဖြစ်သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ပုဇွန် လုပ်ငန်းရှင်များအသင်း ဘာအသင်းညာအသင်းတွေရဲ့ ဟောပြောပွဲတွေမှာ အာဘောင်အာရင်း သန်နိုင်ကြသည်။

ဟောနိုင်ပြောနိုင်ကြသည်။ ဂျာနယ်တွေမှာ ပါရာဒိုင်းခွင့်ရကြသည်။ ထိုအစုကို ငါးပုဇွန်နိုင်ငံရေး အဖြစ်သတ်မှတ်လိုက်မည်။ မှတ် သားရလွယ်ကူအောင် နေရာဒေသအစွဲပြုပြီး သတ်မှတ်ခြင်းသာဖြစ်သည်။ သာစေ နာစေလို့တဲ့သဘော လုံးဝ မရှိ။

## ၂) ခြင်ဖမ်းကြွက်သတ်နိုင်ငံရေး နှင့် ခပ်ပြတ်ပြတ်နှိမ်နင်းမယ်ဆိုတဲ့လူ

နောက်ထပ် နိုင်ငံရေး တမျိုးရှိသေးသည်။ သူတို့နိုင်ငံရေးက တမျိုး။ နိုင်ငံရေးကို ဈေးအသက်သာဆုံး ဖြစ်အောင်လုပ်မည်။ မိတ္တူကိုတောင် အကြွေး နဲ့ကူးနေပါသည်တဲ့။ အင်တာနက် အသုံးပြုမည်။ အလကားရတဲ့ ဘလော့တွေလုပ်မည်။ ကွန်ယက် တွေ တည်ဆောက်မည်။ ၂၀၁၀ ရွေးကောက်ပွဲကို တသီးပုဂ္ဂလအနေနဲ့ဝင်မည်။ အစပိုင်းမှာ ဒီလို ကြွေးကြော်ခဲ့ကြသည်။ တ တိယ အုပ်စုလိုလို။ အလယ်အလတ်အစု လိုလို။ နောက်တော့လည်း ဒုံရင်း ဒုံရင်း။

သူတို့ လုပ်ဟန်က တသီးပုဂ္ဂလ လုပ်ဟန်။ ကြိုက်တဲ့ အဖွဲ့အစည်း ကြိုက်တဲ့နေရာကလာခဲ့ တဦးချင်းအနေနဲ့ လက်ခံမည်။ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်အရွေးခံမည်။ ၂၀၁၀ကို လက်ခံသူတွေ ပါတီထောင်ဖို့ မလို။သူတို့နဲ့ လာရောက် လက်တွဲလိုက်။ တသီးပုဂ္ဂလ ကွန်ယက်မှာဝင်ရောက်လုပ်ကိုင်။ တော်လှန်ရေးသမားတွေ မလုပ်ရဲတဲ့ အလုပ်တွေကို သူတို့လုပ်ကြမည်။ တော် လှန်ရေး သမားတွေကို အဘတို့ဟု ကင်ပွန်းတပ်သည်။ အင်္ဂလိပ်စာ above ကို မြန်မာမှုပြုပြီး အဘ လုပ်ထားတာဖြစ်သည်။ အဘတို့ မလုပ်ရဲတဲ့ အလုပ်တွေသူတို့လုပ်မည်တဲ့ ကြေညာထားသည်။

သူတို့နိုင်ငံရေးက ပါတီမထောင်။ ရုံးခန်းမဖွင့်။ သို့သော် စည်းရုံးလုပ်ရှားမှုရှိသည်။ သူတို့သည်လည်း ခေသူတွေမဟုတ်။ မျက် မှောက်ခေတ် မြန်မာ့နိုင်ငံရေးမှာ space တခု ရထားသူများဖြစ်သည်။ နယ်တွေမှာ လှည့်ပြီး စည်းရုံးနိုင်သည်။ ဘယ်သူမှ လာ မနှောက်ယှက်။ အင်တာနက်ပေါ်မှာ ရေးနိုင်သည်။ ဘယ်သူမှ လာမဖမ်း။

သူတို့က နိုင်ငံရေးကို ပရောဒတ် (ထုတ်ကုန်)တခုလို သဘောထားသည်။ ဒီနေ့ဘာ ပရောဒတ် ထုတ်ပြီးပြီလဲ။ အဲဒီပေတံနဲ့ တိုင်းတာမှုပြုကြသည်။ သူတို့ပြောတဲ့ ပရောဒတ် ဆိုတာ ရောက်ချင်ရာရောက်၊ ရေးချင်ရာရေးထားတဲ့ စာတို စာရှည်တွေ။ ဒါ တွေကို ပရောဒတ် အဖြစ် သူတို့နိုင်ငံရေးက သတ်မှတ်သည်။ သူတို့ပရောဒတ်တွေကိုဖတ်ကြည့်တော့ တွေးတောစရာတွေ က တပုံ တပင်။ နောက်တော့လည်း ဘာမှမဟုတ်။ ကျွတ်မုန်းဝင် ဖြစ်နေသည်။ ကျွတ်မုန်းဝင် မှာ စိတ်မနှံ့သူ အရူးတယောက်က နံရံ ပေါ်တွင် ရေးမှတ်ထားသည်ကို ဖတ်မိသူများက သို့လော သို့လော အနက်အမျိုးမျိုးဖွင့်ဆိုကြသည်။ ထို့အတူပင် ပရော ဒတ်များကို ဖတ်မိသူများအဖို့ သို့လောသို့လော ထင်စရာရှိသည်။ တကယ်တန်းကျတော့ဘာမှမဟုတ်။ သီတင်းကျွတ်လို့ တန် ဆောင် မုန့်ဝင်ရင် မုန့်ဟင်းခါး စားရချည်သေးကို အရူးက ကျွတ်မုန်းဝင် ဟု အတိုကောက်ရေးမှတ်ထားတာဖြစ်နေသည်။

*(စကားချပ်။ ။ ဤနိုင်ငံရေးအား နောက်စာမျက်နှာများတွင် ကျွတ်မုန်းဝင် အဖြစ် အတိုကောက် ခေါ်ဝေါ်သုံးစွဲသွားပါမည်။)* အောက်မှာ ကျွတ်မုန်းဝင် တို့၏ နိုင်ငံရေးပရောဒတ်များ ကို ထပ်ဆင့်ကူးယူဖော်ပြလိုက်ပါသည်။ (*နေမျိုးဝေ - ရေးထား သည့် ပရောဒတ်များဖြစ်ပါသည်*)

ဒေါ်လာ ပေါက်ဈေး ၆ ကျပ် ဆိုတာကို ပြင်ဆင်ပြောင်းလဲမှုလုပ်ရမည်။
ဈေးအပေါဆုံး အလွယ်ကူဆုံး ထောက်လှမ်းရေးကရိယာဖြစ်သော သတင်းလွှပ်လပ်မှုကို အသုံးချရမည်။
သတင်းလွတ်လပ်မှုကြောင့် ဖြစ်ပေါ်လာတတ်သော လူထုဆူပူမှုများကို ခပ်ပြတ်ပြတ် နှိမ်နင်းရဲရမည်။

သူတို့က ပရောဒတ်တွေထုတ်ပြီး စစ်အစိုးရကို တိုက်တွန်းတာတွေလုပ်သည်။ ခြင်နိမ်နင်းရေးအတွက် ပြည်သူလူထုကို တအိမ်တယောက်ထွက်ပြီး လုပ်ခိုင်းဖို့ စစ်အစိုးရကို တိုက်တွန်းသည်။ တပြည်လုံးကြွက်သတ်ရက် သတ်မှတ်ပေးဖို့ စစ်အစိုးရကို အကြံပေးသည်။ အစိုးရ အမိန့်အာဏာတွေ တွင်တွင်သုံးဖို့ သူခိုးကိုဓားရိုးကမ်းပေးသည်။ သူတို့နိုင်ငံရေးကသိပ်တော့မလွယ်။

ကြောက်စရာကောင်းသည့် နိုင်ငံရေးမျိုး။ စစ်အစိုးရက ထောင်ထဲမှာသာ ယင်ကောင်ဖမ်းခိုင်းသည်။ သူတို့က "အိမ်တိုင်း ခြင်ဖမ်းခိုင်း" နေသည်။ "တပြည်လုံးကြွက်သတ်ရက်"သတ်မှတ်ပြီး လူတိုင်း ကြွက်သတ်ခိုင်းနေသည်။ အဆိုပါနိုင်ငံရေးမျိုးကို ခြင်ဖမ်း ကြွက်သတ်နိုင်ငံရေး အဖြစ် သတ်မှတ်လိုသည်။ သူတို့လုပ်ချင်တာတွေ ယုံကြည်တာတွေ ပြောတာပြောတာတွေ ကြည့်ပြီး နိုင်ငံရေးနေရာ အဆင့်သတ်မှတ်ပေးခြင်းဖြစ်ပါသည်။(သာစေ နာစေလို့တဲ့သဘောမရှိ) လိုက်ဖက်မည်ထင်ပါသည်။

ခြင်ဖမ်း ကြွက်သတ်နိုင်ငံရေးက တဖြည်းဖြည်း နိုင်ငံရေးလူတွင်ကျယ် ဖြစ်လာသည်။ ဘီဘီစီ မှာ တခါ နှစ်ခါ ပြောခွင့်ရလာသည်။ သူနှင့်ခေတ်ပြိုင် အစုအဖွဲ့များထက် ပိုပြီး ပြောရေး ဆိုခွင့်ရလာသည်။ အခုတော့ မြန်မာ့အသံမှာပြောခွင့်ရဖို့ မြန်မာ့အလင်းနဲ့ ကြေးမုံမှာ ပါခွင့်ရဖို့။ ပြည်တွင်းက ဂျာနယ်တွေမှာ ထည့်ခွင့်ရဖို့ ပြန်ကြားရေး ဝန်ကြီးကို ဂရိုဂရောင်လုပ်နေသည်။ ဝန်ကြီးက အထက် အမိန့်မရသေးလို့ ဘာမှ မတုံ့ပြန်။ သို့သော်မကြာခင်မှာ ခြင်ဖမ်းကြွက်သတ်နိုင်ငံရေးကို ပြည်တွင်း မီဒီယာတွေမှာ တွေ့ရဖို့ အလားအလာများကြောင်း ကြိုတင်ခန့်မှန်းကြည့်နိုင်သည်။ ပြည်သူလူထုအတွက်ပဲ တွေးကာ သနားမိပါတော့သည်။ ပြည်သူလူထုခမျာ အသံနဲ့အနှိပ်စက်ခံနေရာကနေ ရုပ်ပုံတွေနဲ့ပါ အနှိပ်စက်ခံရတော့မည်။

## ၃) အောက်ဆီဂျင်နိုင်ငံရေး နှင့် အအေးပတ်နေသော ယုန်ပညာရှိ

မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးမှာ ပါဝင်ကပြနေသည့် နောက်ထပ် နိုင်ငံရေးတမျိုးရှိသေးသည်။ အဆိုပါ နိုင်ငံရေးက တမူထူးခြားသည်။ ကိုယ်တိုင်နိုင်ငံရေးမလုပ်။ နိုင်ငံရေးလုပ်နေသူတွေကို တိုက်တွန်းနားချသည်။ ကိုယ်တိုင်နိုင်ငံရေးပါတီမထောင်၊ နိုင်ငံရေးပါတီထောင်သူတွေကို နားချတိုက်တွန်းတတ်သည်။ ကိုယ်တိုင်ရွေးကောက်ပွဲမဝင်။ ရွေးကောက်ပွဲမှန်သမျှ ထောက်ခံခဲ့ဖူးသည်။ မရှိတာထက် ရှိတာ ပိုကောင်းပါသည်တဲ့။ ၂၀၀၈ ဖွဲ့စည်းပုံကိုကို အတင်း ထောက်ခံခိုင်းကြသည်။

အခုလည်း ၂၀၁၀ ရွေးကောက်ပွဲကိုထောက်ခံခိုင်းနေကြပြန်သည်။ ၂၀၁၀ ရွေးကောက်ပွဲဝင်မှ ရွေးကောက်ပွဲကို ထောက်ခံမှ လက်တွေ့နိုင်ငံရေးဖြစ်သည်။ ဒီလိုမျိုးရေးကြ ပြောကြသည်။ သူတို့နဲ့ ဘယ်သူမှ ပြိုင်ပြီးမငြင်းခုန်နိုင်။ ပြည်တွင်းမှာ သူတို့က နိုင်ငံရေးလက်စောင်းထက်သည်။ သူတို့နဲ့ပြိုင်ပြီးငြင်းခုန်ရေးသားမိလျှင် ရေးသူသာ ထောင်နန်းစံသွားရမည်။

အဆိုပါနိုင်ငံရေးကို အောက်ဆီဂျင်နိုင်ငံရေး (တနည်း) မီးလောင်ရာလေပင့်နိုင်ငံရေး ဟု သတ်မှတ်ချင်သည်။ အာဏာရှိသူကို ပင့်ပေးသည့် နိုင်ငံရေးအမျိုးအစား။ ဖော်လံဖားနိုင်ငံရေး။ မဆလ ခေတ်မှာ မဆလကိုထောက်ခံခဲ့သည်။ ၈၈ မှာ လူထုဘက်ကို ပါသယောင်ယောင်။ အခုကျတော့ လုံးလုံးကို စစ်အစိုးရဘက်ပါနေကြသည်။ နောက် မကြာခင် ပြည်သူဘက်ပါကြ ပြန်ဦးမည်။

အဆိုပါ နိုင်ငံရေးသည်ကား မြန်မာ့နိုင်ငံရေး သမိုင်းတွင် သက်တမ်းရင့် သဘာရင့်သည့် နိုင်ငံရေးတမျိုးဖြစ်သည်။ သူတို့ နိုင်ငံရေးက မင်းလောင်းလည်းမမျှော်၊ ဖုတ်သွင်းရထားလည်းမစီး။ ခပ်တည်တည်ဖြင့် သဘောတရားတွေ ဖြန့်ဖြူးသည့် နိုင်ငံရေးအမျိုး အစားဖြစ်သည်။ သူတို့သည် မြန်မာ့နိုင်ငံရေး အချိုးအကွေ့တိုင်းမှာ ပါဝင်အသုံးတော်ခံနေကြ။ နိုင်ငံရေးကို ခွေးကတက်ကနေပါဝင် အသုံးခံခဲ့ဖူးသည်။ လက်နက်နဲ့ဒီမိုကရေစီကို ပဲလှော်နဲ့ ဒန်အိုးဒန်ခွက်လဲသလို လဲခဲ့ဖူးသည်။ ဒန်အိုးဒန်ခွက်သာ ပျောက်ဆုံးခဲ့ရသူတွေဖြစ်သည်။ ခွက်ပျောက်တော့ မဆလမှာ ကျောင်းအုပ်တွေ နည်းပြတွေလုပ်ကြသည်။ မဆလ ပြိုပျက်တော့လည်း နဝတ/နအဖ ကို အလုပ်အကျွေးပြုကြပြန်သည်။

(ဗိုလ်ချုပ်အောင်ဆန်းသာ သက်ရှိထင်ရှားရှိပါက ဤနိုင်ငံရေးမျိုးကို ဆိတ်လစေ့နိုင်ငံရေးဟု အမည်ပေးနိုင်သည်။)

အောက်ဆီဂျင်နိုင်ငံရေးသမားတွေက သူတို့ကိုယ်တိုင်နိုင်ငံရေးမလုပ်ရဲ။ ဘာကြောင့်လည်း။ အဖြေကရှင်းသည်။သူတို့သည်

လက်နက်ချပြီးသူများဖြစ်ကြသည်။ ထို့ကြောင့်နိုင်ငံရေးမလုပ်နိုင်။ ပုံပြင်ထဲက မြေခွေးလို သူ့အမြီးပြတ်တိုင်း သူတပါး အမြီးတွေကို ဖြတ်ခိုင်း နေရသည်။ လူတိုင်းကို လက်နက်ချဖို့ ဟောပြော နားချ လုပ်နေရသည်။ ဖွဲ့စည်းပုံကိုလက်ခံဖို့၊ ရွေးကောက်ပွဲကိုအသိအမှတ်ပြုဖို့ ရေးနေကြ ပြောနေကြရသည်။ ဆင်သွားရင် လမ်းဖြစ်သည်။ အစိုးရဆိုတဲ့ဆင်ကြီး ဘာလုပ်လုပ်မှန်သည်။ ထောက်ခံရမည်။ ဒီလိုမျိုး သူတို့စဉ်းစားကြသည်။ ဤသို့လျှင် အောက်ဆီဂျင်နိုင်ငံရေးကား မီးလောင်ရာကို လေပင့်ပေး တတ်သည်။ အောက်ဆီဂျင် ဟုတ်လား မဟုတ်လား အောက်ပါအချက်သည် သက်သေသက္ကာယဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လထဲမှာ လျှပ်တပြက်ဂျာနယ်က အသက် ၈၄ နှစ်အရွယ် လောလောလတ်လတ် သတို့သားကြီးကို ဖျူးသည်။ သတို့သားကြီးက သူ့အနေနဲ့ "နိုင်ငံရေးလုပ်ဖို့ အစီအစဉ်မရှိပါကြောင်း" နဲ့ သတို့သမီးကလည်း "အဖေကြီးနိုင်ငံရေးလုပ်မှာကို တော့ စိုးရိမ်ပါကြောင်း"ဖြေကြားသွားခဲ့ဖူးပါသည်။

အောက်ဆီဂျင်နိုင်ငံရေးတမျိုးရှိသေးသည်။ ပြည်ပရောက် အောက်ဆီဂျင်များ။ သူတို့၏ ထူးခြားချက်မှာ စကား မယုတ်မလွန်ပြောကြခြင်းပင်။ သူတို့သည် ထောက်ခံတယ်လို့မပြော။ သို့သော် ထောက်ခံတယ်လို့ မပြောသည့်အတွက် မထောက်ခံဘူးလို့ ကောက်ချက်ချလို့မရ။ ထို့အပြင် သူတို့သည် မထောက်ခံဘူးလို့မပြော။ သို့သော် မထောက်ခံဘူးလို့ မပြောသည့်အတွက် ထောက်ခံတယ်လို့ သတ်မှတ် မရ။ အတော်ဝေ့လည်ကြောင်ပတ်နိုင်သူများဖြစ်သည်။

သူတို့ နိုင်ငံရေးက အရေးရယ်အကြောင်းရယ်ဆို ပုံပြင်ထဲက ယုန်လို နာစေးနေတတ်သည့် နိုင်ငံရေးမျိုး။ သူတို့သည်ကား ပြည်ပတွင် ပညာရှိကြီးများသဖွယ် နေကြ၊ ထိုင်ကြ၊ ပြောတတ် ဆိုတတ် ကြသူများဖြစ်ကြသည်။ သူတို့သည်လည်း အောက်ဆီဂျင် မျိုးနွယ်စုဝင်များပင်ဖြစ်သည်။ နိုင်ငံရေးတုပ်ကွေးမိနေသည့် နာစေးချောင်းဆိုး နိုင်ငံရေးမျိုးနွယ်စု တမျိုး ဖြစ်သည်။

၄) ပုတ်ရုပ်နိုင်ငံရေး၊ ဂျင်ပေါ်ကထုံး နှင့် ပွဲလုန့်ဖျာခင်းသူများ

နောက်ထပ် နိုင်ငံရေးတမျိုးကား အမျိုးသားသွေးစည်းမှုရှိကြောင်းပြသလုပ်ကိုင်နေသည့် နိုင်ငံရေးတမျိုးဖြစ်သည်။ သူတို့သည် မတူညီသည့် လူများအဖွဲ့အစည်းများစုစည်းထားကြပြီး နိုင်ငံရေးကို စုပေါင်းစပ်ပေါင်းလုပ်ကြသည်။

သူတို့ နိုင်ငံရေးကား ဆိုင်းဘုတ်ကြီးကြီး ထောင်သည်။ စကားလုံးကြီးကြီးပြောသည်။ သူတို့အတော်များများမှာ အသားမည်းနက် သော်လည်း ရုပ်အင်္ကျီအဖြူရောင်ကို နှစ်နှစ်ခြိုက်ခြိုက် ဝတ်ဆင်တတ်သည်။ တခါတရံ အပေါ်အင်္ကျီ (ပင်နီရောင် မဟုတ်သည့်) တိုက်ပုံများ(ဝါးတီးကုတ်များ) ဝတ်ဆင်တတ်ကြသည်။ နိုင်ငံရေးကို စုပေါင်းစပ်ပေါင်းလုပ်ကြသည်။ စုပေါင်း စပ်ပေါင်းထဲတွင် ကျွတ်မုန်းဝင် တို့လည်းပါသည်။ အေးလွင်နှင့် သူ၏ ညီအကိုများ၊ တိုးချဲ့ထုတ်လုပ်မှု ကျောင်းတော်သားအစု ဦးလှမြင့်၊ သခင်စိုး ရဲ့ သား ခင်မောင်စိုး၊ နိုင်ငံရေး ဘောဂဗေဒ လေ့လာရေး မျိုးဆက်သစ် ကျောင်းတော်သား ဦးအုန်းလွင် စသဖြင့် စသဖြင့် .. နောက် တော့ ကနေဒါကရောက် ရောင်နီတို့ မြင့်ရွှေတို့။ စုမိကြစပ်မိကြသည်။

သူတို့ကား အမျိုးသားနိုင်ငံရေးအင်အားစုများ အဖြစ် သူတို့ကိုသူတို့ ဆိုင်းဘုတ်တင် သတ်မှတ်ခေါ်ဆိုကြသည်။ အမှန်က စစ်အစိုးရဆီမှာ နိုင်ငံရေးပါတီတရပ်အဖြစ် မှတ်ပုံမတင်ရသေး။ မှတ်ပုံမတင်ရသေးခင်မှာတင်ပဲ ကွဲကြပြဲကြ၊ သူ့အဖွဲ့က ငါနုတ်ထွက်၊ ငါ့အဖွဲ့ကတခါ သူကနုတ်ထွက်ကြနှင့် လုံးလည် ချာလည်လိုက်နေသည့် အမျိုးသားနိုင်ငံရေးဖြစ်သည်။

သူတို့နိုင်ငံရေးမှာ အလံနီဟောင်းများချယ်လှယ်နေသည့် နိုင်ငံရေးဖြစ်သည်။ အလံနီဟောင်းတွေက ဆရာကြီးတွေများသည်။ သဘောတရားကြီးတွေ အကိုးအကားကြီးတွေ အဆိုအမိန့်ကြီးတွေနဲ့ ကိုင်ပေါက်နိုင်သည်။ အလံနီဟောင်းများက သဘောတရားတွေထုတ်ကြသည်။ လမ်းညွှန်ချက်တွေပေးသည်။ တခါတရံ သူတို့ထုတ်ပြန်သည့် လမ်းညွှန်ချက်များကို စစ်အစိုးရက ငြိုငြင်တာမျိုးရှိသည်။ တခါတရံ သူတို့အချင်းချင်း ဝိရောဓိဖြစ်ပြီး ကွဲလွဲမှုတွေဖြစ်သည်။ညောင်မြစ်တူးလို့ ပုတ်သင်ဉ ပေါ်ကုန်ကြသည်။

ဦးလှမြင့်တို့က ရွေးကောက်ပွဲကော်မရှင်မြန်မြန်ထက်ထက်အကောင်အထည်ပေါ်စေချင်သည်။ ရော့ပတ္တမြား ရော့နဂါး၊ မြန်မြန်သွက်သွက် လုပ်ချင်သည်။ ဒီအချက်က စစ်အစိုးရကို ငြိုငြင်အောင်လုပ်သလိုဖြစ်နေသည်။

ဦးအုန်းလွင်တို့က နိုင်ငံရေးကို စုစုစည်းစည်းသွားချင်သည့်သဘောရှိသည်။ ရွေးကောက်ပွဲကိုလည်း အမျိုးသားနိုင်ငံရေး ပါတီ တရပ်ဖွဲ့ပြီး ဝင်ချင်ကြသည်။ ဒီအချက်ကား စစ်အစိုးရ မကြိုက်သည့် အချက်လည်း ဖြစ်သည်။ ကျော်မှန်းဝင်တို့ကလည်း ဒီအချက်ကို မကြိုက်။ စစ်အစိုးရ အကြိုက်အတိုင်း တသီးပုဂ္ဂလလုပ်ချင်သည်။ကွဲလွဲချက်ကြီးသည်။

အမျိုးသားနိုင်ငံရေးအင်အားစုထဲမှာ အရေးပါပြီးပြောခွင့်ဆိုခွင့်ရှိသူနောက်တယောက်က ကိုဇင်အောင်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ပြည်ထောင်စုမြန်မာနိုင်ငံ) အမည်နဲ့ လှုပ်ရှားနေသူ။ သူ့အမြင်က ကျော်မှန်းဝင်တို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ တသီးပုဂ္ဂလအသွင်ကို ကိုဇင်အောင်က မယုံကြည်။ တသီးပုဂ္ဂလိုဆိုတာ တချိန်ကျရင် အင်အားကြီးသူ(ပါတီကြီး) တွေရဲ့ ဝါးမျိုတာကိုခံရသူတွေဖြစ်သည်ဟုယုံကြည်နေသူ။

ဒီအစုထဲမှာ အေးလွင်တို့က activist နေရာကို အပြည့်အဝယူထားပြီး ပြည်တွင်းမှာ ၈၈ ဆိုင်းဘုတ်နဲ့ လုပ်စား နေနိုင်သည်။ စစ်အစိုးရ၏ မျက်နှာသာပေးမှုကို အထူးရရှိထားသူများ ဖြစ်သည့်အလျောက် စီးပွားရေးပိတ်ဆို့မှုတွေကို ဆန့်ကျင့်တဲ့ ကမ်ပိန်းတွေထုရင်း အရင်းအနှီးတွေတိုးပွားလာသည်။ ပြည်ပအဆက်အသွယ် (ရောင်နီတို့) တိုးချဲ့လာနိုင်သည်။ အေးလွင်က သူ့အဖွဲ့ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် အဖြစ် ဆိုင်းဘုတ်ကြီးကြီး လုပ်ထားလိုက်သည်။ သူက ဥက္ကဋ္ဌ လုပ်သည်။ သူ့ညီတွေက အမှုဆောင်တွေ အတွင်းရေးမှူးတွေ လုပ်ကြသည်။ အေးလွင်တို့အဖွဲ့ကနေ အစောဆုံး နုတ်ထွက် သွားတာက ကိုသိန်းတင်အောင်။ အေးလွင်မှာက လူမှုရေးအားနည်းချက်တွေ ငွေကြေးပိုင်းဆိုင်ရာနာမည်ပျက်တွေနှင့်။ မီးခိုးမဆုံး မိုးမဆုံး။

အမျိုးသား နိုင်ငံရေးအစုထဲမှာ ကျော်မှန်းဝင်တို့ အနေအထားက အသေးငယ်ဆုံး အနေအထားဖြစ်သည်။ လှုပ်ရှားမှုမရှိ။ လှုပ်ရှား နိုင်တဲ့စွမ်းအားလည်းမရှိ။ ထို့ကြောင့် အတွင်းစည်း လူယုံလိုလို၊ သတင်းပြန်ကြားရေးလိုလို ဟိုလိုလို သည်လိုလို။ ဘလော့တခု လုပ်ထားပြီး ရှိသမျှ အကုန်တင် အကုန်ဖြန့်လုပ်နေရသည်။

ဦးလှမြင့် တို့ရဲ့ သဘောတရားနယ်ချဲ့မှုနဲ့ လူတွင်ကျယ်လုပ်တာကို မခံနိုင်။ ထို့ကြောင့် သူ့ကိုယ်သူ ကြော်ငြာရသည်။ တခါမှ မသိမြင်ဘူးသည့် ကိုကျော်ဝင်း မောင်စူးစမ်းတို့ရဲ့ ပို့ချချက်တွေကို နာယူနေသည့် အဝေးသင်ကျောင်းတော်သား တယောက် လိုလို ဘာလိုလို။ သူလည်း ပါရာဒိုင်းတယောက်ပေါ့။ အလံနီသြဇာအောက်ကရုန်းထွက်ခြင်းဖြစ်သည်။

ဦးအုန်းလွင်တို့အဖွဲ့ကို ကျော်မှန်းဝင်က ချသည်။ နိုင်ငံရေး ဘောဂ ဗေဒဘာသာရပ်ကို ဦးအုန်းလွင်တို့မပိုင်၊ ဦးအုန်းလွင်တို့က ဘယ်လောက်များ သဘောတရားတွေကြေညက်လို့လဲ .... မေးခွန်း ထုတ်သည်။ အမည်ခေါင်းစဉ်နဲ့ပါတ်သက်ပြီး စစ်အစိုးရ သတိပြုမိစေရန် မျက်စပြစ်ပြသည်။ စစ်အစိုးရက ကျော်မှန်းဝင် ကို နည်းနည်းတော့မျက်စိကြသည်။ သို့သော် အချိန်မကျသေး ဟုယူဆထားပုံရသည်။

လောလောဆယ် စစ်အစိုးရမျက်စိကြနေသည်မှာ အေးလွင်တို့ဖြစ်သည်။ အေးလွင်တို့က ၂၀၀၇ မှာ Sanction တွေ ရုပ်သိမ်းဖို့ ကမ်ပိန်းတွေလုပ်ခဲ့သည့် စစ်အစိုးရလက်တံဖြစ်သည်။ ၂၀၀၈ မှာ ဖွဲ့စည်းပုံအတည်ဖြစ်စေဖို့ အေးလွင်တို့လုပ်ခဲ့သည်။ အခုလည်း ၂၀၁၀ ရွေးကောက်ပွဲ အထမြောက်စေဖို့ လှုပ်ရှားမှုတွေလုပ်ရန် တိုင်းမှူးတွေဆီ တင်ပြတောင်းခံနေသည်။ ထို့ကြောင့် ကျော်မှန်းဝင်က အေးလွင်တို့ကို ပခုံးချင်းမယှဉ်ရဲသေး။ သို့သော် သူ့အချိန်မကြာမီရောက်လာတော့မည်ကိုတော့ ကြိုတင်တွက် ဆထားပုံရသည်။ ထိုကြောင့် တသီးပုဂ္ဂလကွန်ယက်ကို တိုးချဲ့တည်ဆောက်သည်။ အင်တာနက်ပေါ်မှာ အော်ကြက်ထုတ်သည်။ နာမည်ကြီးတွေကိုချရင် ကိုယ်လည်း နာမည်ကြီးလာမည်ဆိုတဲ့ နည်းဟောင်းကြီးကို အသုံးပြုသည်။ ယက်တောအမှုကို အခွင့် ကောင်းယူပြီး ကျော်မှန်းဝင် က ဒေါ်စုကို တိုက်ခိုက်ပုတ်ခတ် စော်ကားတာမျိုးလုပ်သည်။ တသီးပုဂ္ဂလအမြင်ကို အသေဆုပ်ကိုင် ထားရင် စစ်အစိုးရကတချိန်မှာ သူ့ကိုခေါ်သုံးမှာပဲလို့ တထစ်ချယုံကြည်မှုရှိနေသူဖြစ်သည်။ (ပြန်ကြားရေးဝန်ကြီးကို ဂဂျိဂဂျောင် လုပ်သည့်အကြောင်း အပေါ်မှာရေးခဲ့ပြီးပြီ။)

အေးလွင်တို့ကို တိုက်ရိုက်မတွယ်ရဲတော့ ဇင်အောင်တို့နှင့်မဟာမိတ်လုပ်သည်။ ဇင်အောင်တို့ကလည်း ကျော်မှန်းဝင်ကို မယုံ။ ယုံကြည်လို့မရသူတွေထဲမှာ ကျော်မှန်းဝင် ထိပ်ဆုံးကပါနေကြောင်းသိသည်။ တချိန်က ကျော်မှန်းဝင်က သူတို့ကို ဝေဖန်ထား

ဖူးသည်။ ဇင်အောင့်အဖွဲ့မှာ ပညာတတ်တွေမပါ။ လူငယ်မျိုးဆက်သစ်တွေ ထောက်ခံမှုမရှိ။ အဲသည်ဟာကိုမမေ့။ အခု လာကပ်တာကိုလည်း ဘာကြောင့်ကပ်သည်ဆိုတာသိသည်။ ကျွတ်မုန်းဝင်က လူရေလည်လာပြီ။ ပြောချင်ရာ လျှောက်ပြောနေသည့် ရှုးတူးတူးပေါတောတော အဆင့်မှာ အစောပိုင်းက သဘောထားခဲ့ကြပေမည့် အခုမှ သူရဲမွေးမိမှန်းသိလာကြသည်။ စိတ်မထင် လျှင် လက်တို့ဖမ်းခိုင်းမှာ သတိထားနေကြရသည်။

ဤအချင်းအရာများသည်ကား အမျိုးသားနိုင်ငံရေးအင်အားစုများ၏ အတွင်းရေး တစိတ်တပိုင်းကိုစွမျှားပင်ဖြစ်ပေတော့သည်။ သူတို့၏နိုင်ငံရေးသည်ကား အချင်ချင်းခွက်စောင်းခုတ်ကာ ပတ်ရှုတ်နေသည့် ပုတ်ရုပ်နိုင်ငံရေး ဖြစ်ပေတော့သည်။ သူတို့နိုင်ငံရေးကိုကြည့်ရသည်မှာ ဂျင်ပေါက်တန်းကစားနေသည်နှင့်တူသည်။ တယောက် ထွက်သွားလိုက်၊ နောက်တယောက် ထပ်ထွက်သွားလိုက်။ တော်ကြာတယောက်ဝင်လာလိုက်။ တော်ကြာပြန်ထွက်သွားလိုက်။ ဝင်စို့ ထွက်စို့။ ဂျင်ပေါက်နေကြသည်။ အမှန်က ဂျင်မဟုတ်။ ဂျင်ပေါ်ကထုံးတွေဖြစ်သည်။

ဂျင်ပေါ်ကထုံးတွေနှင့် နင်လားငါလား မတိမ်းမယိမ်းအဆင့်ရှိသည့် နိုင်ငံရေးတမျိုးရှိသေးသည်။ ၎င်းနိုင်ငံရေးမျိုးကို တိုင်းရင်းသား တချို့ထံမှာ တွေ့မြင်ရသည်။ အထူးသဖြင့် ရွေးကောက်ပွဲဝင်ဖို့ ငမ်းငမ်းတက်ဖြစ်နေသည့် တိုင်းရင်းသား ခေါင်းဆောင်တချို့တွင် တွေ့ရသည်။ သူတို့လည်း ဂျင်ပေါ်က ထုံးတွေပင်ဖြစ်သည်။ ယနေ့ဖြစ်နေသည့် ပြဿနာကို ဗမာ - ဗမာချင်း ဖြစ်နေသည့်ပြဿနာအဖြစ်သဘောထားကြသည်။ ဗမာ - ဗမာချင်း မတည့်တာကို တို့က အခွင့်ကောင်းယူမည်။ ရသမျှအခွင့် အရေးအကုန်ယူမည်။ နယ်ခြားစောင့်ဆိုလည်း စောင့်လိုက်မည်။ ရွေးကောက်ပွဲဝင်ဆိုလည်း ဝင်လိုက်မည်။ ဤသည်ကား ပွဲလှန့်ဖျာခင်းသည့် နိုင်ငံရေးမျိုးဖြစ်သည်။

ပွဲလန့်တိုင်းဖျာခင်းတတ်သူများထဲမှာ တည်မြဲ/သန့်ရှင်း ဖဆပလ လူကြီးသားသမီးတွေလည်းပါဝင်တတ်သည်။ သူတို့သည်လည်း အမျိုးသားနိုင်ငံရေးကို ကြိုက်ကြသည်။ ရတာယူမည့်စိတ်ရှိသူများဖြစ်ကြကုန်သည်။ အမျိုးသားနိုင်ငံရေးအင်အားစုကား အတော်ရှုပ်သည့်နိုင်ငံရေးအမှိုက်ပုံကြီးနှင့်တူနေလေတော့သည်။ ထိုအထဲမှာ နိုင်ငံရေးက အခုထွက်လိုက်၊ တော်ကြာ ပြန်ဝင်လာလိုက်၊ တော်ကြာ ၄၀ ရာခိုင်နှုန်းတောင်းလိုက်နဲ့ အောင်ဘာလေထီ ကစားသူများလည်းရှိသေးသည်။ ပုတ်ရုပ် ပတ်ရှုတ်နေကြသည်။

## ၅) လူထုအခြေပြုနိုင်ငံရေး

ဤနိုင်ငံရေးအမျိုးအစားသည်ကား လူထုအကျိုးစီးပွားကိုဦးတည်သည့်နိုင်ငံရေး၊ လူထုထောက်ခံမှုကိုအခြေပြုသည့် နိုင်ငံရေးဖြစ်သည်။လူထုကြီးလိုက်ပါဆောင်ရွက်ဖို့တွန်းအားပေးသည်။လူထုကြီးတသားတည်းချီတက်လာအောင်စွမ်းဆောင်မှုပြုသည်။ လူထုကြီးကို လက်ညှိုးထောင်ခေါင်းငြိမ့်ဘဝကနေ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ဘဝဆီ ပို့ဆောင်ပေးမည့် နိုင်ငံရေးဖြစ်သည်။

ဤနိုင်ငံရေးမျိုးကား မြင့်မြတ်တည်ကြည်သည့် နိုင်ငံရေးအမျိုးအစားဖြစ်သည်။ ဤနည်းဖြင့် ဗမာ့လွပ်လပ်ရေးရယူနိုင်ခဲ့သည်။

သည်နိုင်ငံရေးမျိုးနဲ့ လူထုကြီးကို ဗိုလ်ချုပ်အောင်ဆန်းက ထဆိုထ ချဆိုချ လုပ်နိုင်ခဲ့သည်။
သည်နိုင်ငံရေးမျိုးနဲ့ လူထုကြီးကို သူနဲ့အတူလိုက်ပါ ချီတက်ရဲအောင် ဒေါ်အောင်ဆန်းစုကြည်စွမ်းဆောင်နိုင်ခဲ့သည်။
သည်နိုင်ငံရေးမျိုးနဲ့ လူထုကြီးကို စည်းကမ်းရှိအောင် ကိုမင်းကိုနိုင်တို့ ၈၈မျိုးဆက်တွေက သွန်သင်ပြသနိုင်ခဲ့သည်။
သည်နိုင်ငံရေးမျိုးနဲ့ ရွှေဝါရောင်တော်လှန်ရေးကို ရဟန်းသံဃာများ ဦးဆောင်ဆင်နွှဲခဲ့ကြသည်။
သည်နိုင်ငံရေးမျိုးနဲ့ ကျောင်းသားလူငယ်တွေဟာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်နေကြသည်။
သည်နိုင်ငံရေးမျိုးနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို လူထုကြီးကန့်ကွက်မဲပေးခဲ့ကြသည်။

လူထုအခြေပြုနိုင်ငံရေးက  အလိုတော်ရိ ဘုရားငဆောင် နိုင်ငံရေးနည်းများကိုဆန့်ကျင်သည်။
လူထုအခြေပြုနိုင်ငံရေးက  ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်သည်။
လူထုအခြေပြုနိုင်ငံရေးက ၂၀၁၀ ရွေးကောက်ပွဲကို အထွေထွေနိုင်ငံရေးထိုးစစ် (သပိတ်မှောက်ပွဲ)နဲ့ဖြတ်သန်းမည်။
လူထုအခြေပြုနိုင်ငံရေးက နိုင်ငံရေးပါတီတွေ နဲ့ ပြည်သူလူထုကို ပေါင်းစည်းမိစေမည်။

ပြည်သူလူထုအတွက် …

၁) ဖွဲ့စည်းပုံမလို။
၂) ရွေးကောက်ပွဲမလို။
၃) တွေ့ဆုံဆွေးနွေးရေးသာလိုသည်။

ဤအချက်ကား လူထုအခြေပြုနိုင်ငံရေး၏ ယုံကြည်မှုပင်ဖြစ်ပေတော့သတည်း။ ။

၄၊ ၁၀၊ ၂၀၀၉။